# တရုတ်
# မြန်မာ
# အမေရိကန်
# ဆက်ဆံရေး

ဒေါက်တာ
ရန်မျိုးသိမ်း

# နန်းရင်းဝန် ဦးစောနှင့် သမိုင်းကွက်လပ်များ

မြန်မာနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့၏ ဆက်ဆံရေးသမိုင်းသည် လွန်ခဲ့သော ရက်ပိုင်းများအတွင်း သတင်းစာမျက်နှာများတွင် အရေး ပါနေရာယူလာခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်၏ အလည်အပတ်ခရီးစဉ် နောက်ပိုင်း နှစ်နိုင်ငံ ဆက်ဆံရေး သည် ပိုမိုနွေးထွေး တည်ငြိမ်သော အဆင့်တစ်ခုသို့ ဦးတည်တိုးတက်ဖွယ် ရှိနေသည်မှာလည်း မငြင်းနိုင်သောအချက် ဖြစ်သည်။

မြန်မာနိုင်ငံသည် အမေရိကန်ပြည်ထောင်စုသာမက ဥရောပ သမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအတွက်လည်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးမျက်နှာစာ အသီးသီးတွင် အရေးပါသောနေရာ၌ ရှိနေသည်ဟု လေ့လာသူများက သုံးသပ်ကြသည်။ ဘားရက်အိုဘားမား အစိုးရ၏ အာရှနှင့် ပစိဖိတ်ဒေသ ဆက်ဆံရေးသစ် ထူထောင်ရေး မူဝါဒအရ မြန်မာနိုင်ငံသည် အမေရိကန် ပြည်ထောင်စုအတွက် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးတို့တွင် အရေးပါ အရာရောက်သောနိုင်ငံ ဖြစ်လာနေသည်။ လာမည့် ဆယ်စုနှစ်များတွင် မြန်မာ နိုင်ငံသည် အမေရိကန် ပြည်ထောင်စု၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှား ပြည်ထောင်စု၊ အိန္ဒိယ သမ္မတနိုင်ငံ၊ ဥရောပ သမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အကြားတွင် အထူးအရေးကြီးသော မိတ်ဖက်နိုင်ငံ ဖြစ်လာနိုင်ဖွယ် ရှိသည် ဟုလည်း လေ့လာသူများက သုံးသပ်ကြသည်။

အမေရိကန် ပြည်ထောင်စုနှင့် မြန်မာနိုင်ငံတို့အကြား နိုင်ငံ့ ခေါင်းဆောင်များ အပြန်အလှန် အလည်အပတ်သွားရောက်မှုကို လေ့လာ ဆန်းစစ်ကြည့်လျှင် အေးစက်သော နှစ်နိုင်ငံဆက်ဆံရေး သမိုင်းကို တွေ့ မြင်ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးချိန်မှစ၍ ယနေ့အထိ အမေ ရိကန် သမ္မတသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး လာရောက်ခဲ့ခြင်း မရှိပေ။ ၁၉၅၃

ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု ဒုတိယသမ္မတ ရစ်ချက်နစ်ဆင်သည် ပြည် ထောင်စု ဗမာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး လာရောက်ခဲ့ပြီး ဒုတိယသမ္မတ၏ တစ်ကြိမ်တည်းသော အလည်အပတ်ခရီး ဖြစ်သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ဖော်စတာဒါးလက်စ်သည် ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အလည်အပတ်လာရောက်ခဲ့ပြီး နှစ်ပေါင်း ၅၆ နှစ်ကျော်အကြာ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် အလည်အပတ် လာရောက် ခဲ့သဖြင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံသို့ နှစ်ကြိမ် အလည်အပတ် လာရောက်ခဲ့သည်ကို တွေ့ရသည်။ မြန်မာ နိုင်ငံခြားရေး ဝန်ကြီးသည် အမေရိကန် ပြည်ထောင်စုသို့ တရားဝင် ချစ်ကြည်ရေး အလည်အပတ်ခရီး သွားရောက်ခဲ့သည့် အထောက်အထားကို မတွေ့ရှိ ရပေ။ ထို့ကြောင့် နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းသစ်ကို ပြန်လည်အစပျိုးရန် ပြင်ဆင်နေချိန်တွင် မြန်မာ နိုင်ငံခြားရေးဝန်ကြီး၏ အမေရိကန် ပြည် ထောင်စုသို့ တရားဝင် ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်သည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ် ဖြစ်လာမည် ဖြစ်သည်။ အမေရိကန် ဒုတိယသမ္မတ သည် မြန်မာနိုင်ငံသို့ အလည်အပတ် မလာရောက်ခဲ့သည်မှာလည်း နှစ်ပေါင်း ၅၈ နှစ်ကျော်ပြီ ဖြစ်သည်။ သို့ဖြစ်၍ လာမည့်နှစ်အတွင်း နှစ်နိုင်ငံ ဆက်ဆံရေးတွင် မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိ ကန် ဒုတိယသမ္မတသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် လာရောက်နိုင်ဖွယ် ရှိနေသည်ဟုလည်း သုံးသပ်ကြသည်။

အမေရိကန် ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြား ထိတွေ့ဆက်ဆံ မှု အခင်းအကျင်းတွင် ၂၀၁၂ ခုနှစ်သည် အရေးပါသော နှစ်တစ်နှစ် ဖြစ်လာ နိုင်သည်ဟုလည်း သုံးသပ်မှုများရှိနေသည်။ ၂၀၁၂ ခုနှစ်သည် အမေရိကန် သမ္မတ ရွေးကောက်ပွဲ၊ အထက်လွှတ်တော်အမတ် ၃၃ နေရာ ရွေးကောက်ပွဲ နှင့် အောက်လွှတ်တော်အမတ် ၄၃၅ နေရာ ရွေးကောက်ပွဲများ ကျင်းပမည့် နှစ်

ဖြစ်သည်။ ရွေးကောက်ပွဲများ အားလုံးကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ အမေရိကန် သမ္မတ ဘားရက် အိုဘားမားအနေဖြင့် နောက်သက်တမ်းတွင် ဆက်လက် အရွေးခံနိုင်ရေး အတွက် အရေးကြီးသော နှစ်တစ်နှစ် ဖြစ်သည်သာမက ဒီမိုကရက်တစ် ပါတီသည် အောက်လွှတ်တော်တွင် အမတ်နေရာအများစု အနိုင်ရရှိရေး အတွက် အရေးကြီးသော နှစ်တစ်နှစ်ဖြစ်ရာ ၂၀၁၂ ရွေးကောက်ပွဲသည် ဘားရက်အိုဘားမားနှင့် ဒီမိုကရက်တစ်ပါတီတို့အတွက် အလွန်အရေးကြီး သော စိန်ခေါ်မှုကြီး ဖြစ်နေသည်။ နိုင်ငံတကာ ဆက်ဆံရေးအခင်းအကျင်း တွင်လည်း ထိလွယ်ရှလွယ် နှစ်တစ်နှစ် ဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင်း ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုများသည် နိုင်ငံတကာ မျက်နှာစာတွင် အားရ ကျေနပ်ဖွယ်ရှိမှသာ ၂၀၁၂ ခုနှစ်အတွင်း အမေရိကန် ပြည်ထောင်စု အနေ ဖြင့် ပိုမိုအဆင့်မြင့်သော ထိတွေ့ဆက်ဆံမှုမျိုးကို ပုံဖော်လာနိုင်ဖွယ် ရှိသည် ဟုလည်း သုံးသပ်ကြသည်။

သို့မဟုတ်ပါက အမေရိကန် ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြား မဟာဗျူဟာမြောက် ဆက်ဆံရေးအခင်းအကျင်းသည် ၂၀၁၂ ခုနှစ် သမ္မတ ရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများ နောက်ပိုင်းတွင်သာ ပိုမို ပုံပေါ်လာဖွယ် ရှိသည်ဟုလည်း ကောက်ချက်ချမှုများလည်း ရှိနေသည်။ အကယ်စင်စစ်၊ အမေရိကန် ပြည်ထောင်စုနှင့် မြန်မာနိုင်ငံ ဆက်ဆံရေး သည် လွတ်လပ်ရေးမရမီ၊ အင်္ဂလိပ် ကိုလိုနီဘဝကတည်းက အဆင့်မြင့် ဆက်ဆံရေးပုံသဏ္ဌာန် ရှိခဲ့သည်ဟုလည်း နန်းရင်းဝန်ဟောင်း ဦးစော၏ အမေရိကန် ပြည်ထောင်စု အလည်အပတ်ခရီးစဉ်အပေါ် ကိုးကားလျက် သုံးသပ်မှုများ ရှိကြသည်။

အမေရိကန် ပြည်ထောင်စုနှင့် မြန်မာနိုင်ငံ ဆက်ဆံရေးတွင် နန်းရင်းဝန်ဟောင်း ဦးစော၏ ဆောင်ရွက်မှုများသည် အရေးပါခဲ့သော်လည်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြထားခြင်း မရှိသည်ကို တွေ့ရသည်။ နှစ်နိုင်ငံ

ဆက်ဆံရေးသမိုင်းတွင် အမေရိကန် သမ္မတနှင့် ပထမဆုံး တွေ့ဆုံ ခဲ့သည့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်ကို ပြောပါဆိုလျှင် နန်းရင်းဝန် ဦးစော ဟု ဆိုရမည်ဖြစ်သည်။ နန်းရင်းဝန်ဦးစော၏ အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ် ခရီးစဉ်သည် လန်ဒန်ခရီးစဉ်နှင့်လည်းကောင်း၊ နန်းရင်း ဝန် ဦးစောကို အင်္ဂလိပ်တို့က ပုန်ကန်မှုနှင့် ထိန်းသိမ်းခဲ့မှုများနှင့် လည်း ကောင်း ဆက်စပ်နေခဲ့သည်။

နန်းရင်းဝန် ဦးစောသည် ၁၉၄၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ တွင် ရန်ကုန်မြို့မှ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာစဉ် ရွှေတိဂုံစေတီတော်ကြီးကို ကောင်းကင်ယံမှ သုံးကြိမ် လှည့်ပတ်ဦးခိုက်ခဲ့သည်။ သူနှင့်အတူ အစိုးရ အဖွဲ့၊ အတွင်းဝန် ဦးတင်ထွဋ်လည်း လိုက်ပါခဲ့သည်။ ၁၉၄၁ ခုနှစ် နိုဝင်ဘာ လ၊ လန်ဒန် ခရီးစဉ်အတွင်း၊ ဗမာနန်းရင်းဝန် ဦးစောသည် ဗမာပြည် အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး အင်္ဂလိပ်ဝန်ကြီးချုပ် ချာချီ အပါအဝင် အစိုးရ ခေါင်းဆောင်များထံမှ ကျေနပ်ဖွယ် တုံ့ပြန်မှုကို မရရှိခဲ့သည်မှစ၍ ဦးစော သည် အင်္ဂလိပ် အစိုးရကို နှုတ်အားဖြင့် အာခံလာခဲ့သည်ဟု သတင်းစာ များက ဖော်ပြကြသည်။

ဗမာနန်းရင်းဝန် ဦးစောသည် အင်္ဂလန်နိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အပေါ် ကျေနပ်အားရမှု မရှိကြောင်းနှင့် စိတ်ပျက်မိကြောင်း ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် သတင်းထောက်များအား ပြောကြား ခဲ့သည်။ ဦးစောသည် အင်္ဂလိပ်ဝန်ကြီးချုပ် ချာချီ၊ အိန္ဒိယနှင့် ဗမာပြည် ရေးရာ နိုင်ငံခြားရေးဝန်ကြီး အေမီရီတို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ် ခဲ့သော်လည်း အင်္ဂလိပ် အစိုးရထံမှ ဗမာပြည်အရေးနှင့် ပတ်သက်သော သေချာသည့် အာမခံချက်တစ်ခုကို မရရှိခဲ့ပေ။ ဦးစော တောင်းဆိုသည့် စစ်ကြီးပြီးသောအခါ ဗမာပြည်သည် အခြား အင်္ဂလိပ်အင်ပါယာ လက် အောက်ရှိ ကိုလိုနီများနှင့် တန်းတူ အုပ်ချုပ်ရေးအဆင့်အတန်း ရရှိစေမည် ဆိုသည့် အာမခံချက်ကိုပင် မရရှိခဲ့ပေ။ နန်းရင်းဝန် ဦးစောက အင်္ဂလိပ် အစိုးရသည် ဟစ်တလာလက်အောက်မှ

တိုင်းပြည်များ လွတ်မြောက်ရေးကို မဆောင်ကြဉ်းမီ အင်္ဂလိပ် အင်ပါယာအောက်မှ နိုင်ငံများ လွတ်မြောက်ရေး ကို ဦးစွာ ဆောင်ရွက်သင့်သည်ဟု ပန်ကြားခဲ့သည်။

နန်းရင်းဝန် ဦးစောသည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှ ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြန်လည်ထွက်ခွာခဲ့ပြီး နိုဝင်ဘာလ ၁၃ ရက်နေ့ တွင် အမေရိကန် ပြည်ထောင်စု၊ နယူးယောက်မြို့သို့ ရောက်ရှိခဲ့သည်။ ဦးစောသည် နယူးယောက်မြို့တွင် အင်္ဂလိပ်ကောင်စစ်ဝန်ချုပ် ဂေါ့ဖရေး ဟဒ်ဂွါဒ်၊ အင်္ဂလိပ် ပြန်ကြားရေးဌာနမှ ကိုယ်စားလှယ် တစ်ဦးတို့နှင့် တွေ့ ဆုံခဲ့ပြီး ဗြိတိသျှ ဓနသဟာယ အင်ပါယာအတွင်း ဗမာနိုင်ငံအတွက် ကိုယ် ပိုင် အုပ်ချုပ်ရေး ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ခြင်းအပေါ် စိတ်ပျက်မိကြောင်း ပြောဆိုခဲ့သည်။

နန်းရင်းဝန် ဦးစောသည် အမေရိကန် ပြည်ထောင်စု၊ ဝါရှင်တန် မြို့တော်သို့ အလည်အပတ် သွားရောက်ခဲ့ပြီး အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ကော်ဒဲလ်ဟောလ်(Cordell Hall) နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကော်ဒဲလ်ဟောလ်သည် ၁၉၃၃ ခုနှစ်မှ ၁၉၄၄ ခုနှစ်အထိ၊ ၁၁ နှစ်၊ ၂၇၁ ရက်ကြာ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး သက်တမ်းအရှည်ဆုံး တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး တစ်ဦးလည်း ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်နိုင်ရန် ဦးစီးဦးဆောင် ပြုခဲ့မှုများအတွက် ၁၉၄၅ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်ဆု ကို ချီးမြှင့်ခြင်း ခံခဲ့ရသည်။ အမေရိကန်သမ္မတ ရုစဗဲ့လ်က ကော်ဒဲလ် ဟောလ်ကို ကမ္ဘာ့ကုလသမဂ္ဂ၏ ဖခင်ကြီးအဖြစ် အမွှန်းတင် ပြောဆိုခဲ့ သည်။ သို့ဖြင့် နန်းရင်းဝန် ဦးစောသည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး နှင့် ပထမဆုံး တွေ့ဆုံဆွေးနွေးခဲ့သည့် ဗမာ့နိုင်ငံရေးခေါင်းဆောင်တစ်ဦး အဖြစ် သမိုင်းမှတ်တမ်းဝင်ခဲ့သည်။

ဝါရှင်တန်ဒီစီမြို့တော်သို့ သွားရောက်ခဲ့သည့် အလည်အပတ်ခရီးစဉ် အတွင်း ဗမာနန်းရင်းဝန် ဦးစောသည် အမေရိကန်သမ္မတ ဖရန့်ကလင်း ဒီလာနိုရုစဗဲ့နှင့် သမ္မတအိမ်ဖြူတော်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု သတင်း

မှတ်တမ်းများက ဖော်ပြကြသည်။ ထိုသို့ တွေ့ဆုံစဉ် အမေရိကန် နိုင်ငံ ခြားရေး ဝန်ကြီး ကော်ဒဲလ်ဟောလ်၊ အမေရိကန် ပြည်ထောင်စုဆိုင်ရာ ဗြိတိသျှ သံအမတ်ကြီး လော့ဒ်ဟာလီဖက်စ်နှင့် ဗမာ နန်းရင်းဝန်၏ အကြံပေးပုဂ္ဂိုလ် ဦးတင်ထွဋ်တို့လည်း တက်ရောက်ခဲ့ကြသည်။ ဖရန့် ကလင်း ဒီလာနိုရုစဗဲ့သည် အမေရိကန်ပြည်ထောင်စု၏ ၃၂ ဦးမြောက် သမ္မတတစ်ဦးဖြစ်ပြီး ၁၉၃၃ ခုနှစ် မှ ၁၉၄၅ ခုနှစ်အထိ သက်တမ်းနှစ်ဆက် သမ္မတအဖြစ် ရွေးကောက်ခံခဲ့ရသည်။ ထို့ကြောင့် နန်းရင်းဝန် ဦးစောသည် အမေရိကန် သမ္မတနှင့် ပထမဆုံး တွေ့ဆုံဆွေးနွေးခဲ့သည့် ဗမာ့နိုင်ငံရေး ခေါင်းဆောင်အဖြစ် သမိုင်းတွင် ထပ်မံ မှတ်တမ်းဝင်ခဲ့သည်။

နန်းရင်းဝန် ဦးစောသည် ဂျပန်တို့က ပစိဖိတ်စစ်မျက်နှာကို စတင် ဖွင့်လှစ်ခဲ့သော ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဟိုနိုလူလူသို့ ဆိုက်ရောက်ခဲ့ပြီး ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် လစ္စဘွန်းမြို့မှ ကိုင်ရိုမြို့သို့ လေယာဉ်နှင့် ထွက်ခွာခဲ့သည်ဟု သတင်းစာများက ဖော်ပြကြ သည်။ အရှေ့တောင်အာရှဒေသ၊ အင်္ဂလိပ်ကိုလိုနီ ဗမာပြည်နန်းရင်းဝန် ဦးစောကို ဂျပန်တို့နှင့်ပူးပေါင်း၍ ပုန်ကန်ရန် ကြံစည်သည်ဟု စွပ်စွဲချက် ဖြင့် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အင်္ဂလိပ်အာဏာပိုင်များက ဖမ်းဆီး ထိန်းသိမ်းထားကြောင်း ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ တွင် အမှတ် ၁၀၊ ဒေါင်းနင်းလမ်း၊ အင်္ဂလိပ်ဝန်ကြီးချုပ် ချာချီ၏ အိမ်တော်မှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဦးစော၏ အင်္ဂလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အပြီး လှုပ်ရှားမှု များနှင့် ပတ်သက်သော သတင်းအစီရင်ခံချက်များအရ ဂျပန်နှင့် စစ် စတင်ဖြစ်ပွားချိန်ကတည်းက ဦးစောသည် ဂျပန်အာဏာပိုင်များနှင့် အဆက်အသွယ်ရှိနေခဲ့သည်ဟု အင်္ဂလိပ်အစိုးရအနေဖြင့် ကောက်ချက်ပြု ခဲ့သည်ဟုလည်း ချာချီအိမ်တော်မှ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ဂျပန်နှင့်

အဆက်အသွယ်ရှိခဲ့မှုကို ဦးစောကိုယ်တိုင်က ဝန်ခံခဲ့သဖြင့် အင်္ဂလိပ် အာဏာပိုင်များအနေဖြင့် ဦးစောကို ဗမာပြည်သို့ ပြန်ခွင့်မပြုနိုင် ခြင်း ဖြစ်ကြောင်းကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။ သို့သော် ဗမာ နန်းရင်းဝန် ဦးစောကို အင်္ဂလိပ်အာဏာပိုင်များက မည်သည့်နေရာတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်ကိုမူ ကြေညာချက်တွင် ဖော်ပြခဲ့ခြင်း မရှိပေ။

နန်းရင်းဝန်ဟောင်း ဦးစောသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသား ခေါင်းဆောင်ကြီးများကို လုပ်ကြံမှုတွင် ကြိုးကိုင်စီစဉ်သူအဖြစ် သေဒဏ် ကျခံခဲ့ရသည်။ ဦးစောသည် ဗမာပြည်လွတ်လပ်ရေးနှင့် ကိုယ်ပိုင် အုပ်ချုပ် ရေးတို့အတွက် ဝါယမစိုက်ထုတ် ဆောင်ရွက်ခဲ့သူ ဖြစ်သည့်အပြင် အင်္ဂလိပ် အစိုးရ အကြီးအကဲများကို အံတု အာခံခဲ့သူလည်း ဖြစ်သည်။ ထို့အပြင် ဗမာပြည်နှင့် အမေရိကန် ပြည်ထောင်စု ဆက်ဆံရေးကို ပထမဆုံး လမ်း ခင်းခဲ့သူလည်း ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင် ကြီးများအား လုပ်ကြံခဲ့မှုကြောင့် နိုင်ငံရေးသမိုင်းတွင် ဇာတ်သိမ်းမလှ၊ နိုင်ငံရေးဗီလိန် ဖြစ်ခဲ့ရသည်။ နိုင်ငံရေး သံဝေဂရဖွယ် ဖြစ်သည်။ ဗမာပြည် အရေးအတွက် ရုစဖဲ့လ်နှင့် ဆွေးနွေးခဲ့သော၊ ချာချီနှင့် ဆွေးနွေးခဲ့သော နိုင်ငံရေးခေါင်းဆောင် ဦးစောသည် တစ်မုဟုတ်ချင်း ဈာန်လျှောကျကာ ယနေ့ထက်ထိတိုင် မြန်မာ့သမိုင်း၏ လူကြမ်းအဖြစ် ရှိနေခဲ့ရသည်မှာ သင်ခန်းစာယူဖွယ် ဖြစ်သည်။ သမိုင်းသည် အကန့်အသတ်မဲ့ ဒဏ်ခတ် တတ်သည်ကိုလည်း သင်ခန်းစာယူဖွယ် မှတ်သားမိသည်။ ၂၀၁၂ ခုနှစ် အတွင်း မြန်မာနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုအကြား မဟာဗျူဟာ မြောက် ပိုမိုတိုးမြှင့်လာမည့် ဆက်ဆံရေး အခင်းအကျင်းသစ်များကို မျှော်လင့်လျက် နှစ်နိုင်ငံဆက်ဆံရေး၏ သမိုင်းကွက်လပ်တစ်ခုကို ဖြည့် စွက်လိုက်ခြင်းပင် ဖြစ်သည်။ သမိုင်းသင်ခန်းစာတို့ကို အထပ်ထပ် လေ့လာ မှတ်သား နာယူနိုင်မှသာ လာမည့် မြန်မာ့နိုင်ငံရေး အခင်းအကျင်းတွင် အမှား နည်းနည်း၊ အလွဲ သက်သက်သာသာနှင့်

ဖြတ်ကျော်နိုင်မည် ဖြစ် သည်။ ထို့အပြင် နိုင်ငံရေးဗီလိန်၊ နိုင်ငံရေးလူကြမ်း မဖြစ်ရေးကိုလည်း သမိုင်းသင်ခန်းစာယူ၊ ပြုမူရမည်ဟု ယူဆမိပါသည်။ သို့မှသာ မြန်မာနိုင်ငံ သည် အဆိုးသံသရာကြီးထဲမှ အပြီးတိုင် ရုန်းထွက်နိုင်ပြီး သာယာစည်ပင် ဂုဏ်ပြောကြွယ်ဝသည့် နိုင်ငံအဖြစ် ဝင့်ကြွားစွာ ရပ်တည်လာနိုင်မည် ဖြစ်သည် ဟု ယုံကြည်မိပါသည်။

♥♥♥

## အထူးကိုယ်စားလှယ်၊ သံခင်းတမံခင်းနှင့် စိန်ခေါ်မှုများ

မြန်မာနိုင်ငံဆိုင်ရာ မူဝါဒညှိနှိုင်းရေးမှူးနှင့် အထူးကိုယ်စားလှယ် သံအမတ်ကြီး ဒဲရစ်မစ်ချယ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အစိုးရ နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် စက်တင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ မစ်ချယ်၏ ခရီးစဉ်သည် မြန်မာနိုင်ငံ တွင် စစ်မှန်သော ပြုပြင်ပြောင်းလဲမှု၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တူညီသော ရည်မှန်းချက်များဆီ ဦးတည်သည့် အမေရိကန်ပြည်ထောင်စု၏ တွေ့ဆုံဆွေးနွေးမှုနှင့် ထိတွေ့ဆက်ဆံမှုကို ပိုမိုတည်ဆောက်ရန် ရည်ရွယ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း မစ်ချယ်သည် အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များ၊ ပြည်တွင်း လူမှုအဖွဲ့အစည်းများမှ ဦးဆောင်သူများ အပါအဝင် တွေ့ဆုံသင့်သူများနှင့် တွေ့ဆုံဆွေးနွေးမည် ဖြစ်သည်။ အထူးကိုယ်စားလှယ်သည် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နှင့် ၁၀ ရက်တွင် နေပြည်တော် အုပ်ချုပ်ရေးမြို့တော်၌ ပြည်ထောင်စု အစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး စက်တင် ဘာလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ရန်ကုန် မြို့တွင် စက်တင်ဘာ ၁၄ ရက်နေ့အထိ နေထိုင်ကာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည် ဖြစ်သည်။

မစ်ချယ်သည် စက်တင်ဘာ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန် မြို့မှ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဘန်ကောက်မြို့တွင် ထိုင်းနိုင်ငံ အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ ဆွေးနွေးမည် ဖြစ်သည်။ ထို့နောက် စက်တင်ဘာလ ၁၆ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့သို့ သွားရောက်မည်ဖြစ်ပြီး ဂျကာတာမြို့ တွင် လက်ရှိ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ) ၏ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့်

အင်ဒိုနီးရှားနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး မည် ဖြစ်သည်။ မစ်ချယ်၏ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဆွေးနွေးမှုများသည် အာဆီယံအဖွဲ့ကြီး၏ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒ၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌနေရာ သတ်မှတ်ရေးကိစ္စ၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်သစ် တည်ဆောက်ရေးတွင် အာဆီယံ အဖွဲ့ကြီး အနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေး နွေးဖွယ်ရှိသည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

ယခုခရီးစဉ်သည် သံအမတ်ကြီး မစ်ချယ်၏ မြန်မာနိုင်ငံနှင့် အာဆီယံဒေသသို့ အထူးကိုယ်စားလှယ်အဖြစ် ပထမဆုံး လာရောက်သည့် ခရီးစဉ် ဖြစ်သကဲ့သို့ ဆယ်စုနှစ်နှစ်ခုအလွန် ကာလအတွင်း မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ ဆက်ဆံရေးသမိုင်းတွင် အမေရိကန် အထက်လွှတ်တော် သည် သံအမတ်ကြီး အဆင့်အတန်းရှိသူ တစ်ဦးကို မြန်မာနိုင်ငံ အရေးကိစ္စ အတွက် ခန့်အပ်ရန် ပထမဆုံးအကြိမ် အတည်ပြုပေးခဲ့ခြင်း ဖြစ်သည်။

နှစ်လမ်းသွား ဆက်ဆံရေးသစ်

အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရာတွင် စီးပွားရေး ပိတ်ဆို့အရေးယူမှု မူဝါဒကိုသာ တစိုက်မတ်မတ် ကျင့်သုံးခဲ့ရာမှ သမ္မတ ဘားရက်အိုဘားမား အိမ်ဖြူတော်သို့ ရောက်လာပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခဲ့သည်။ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒသုံးသပ်မှုများ အပြီး သတ်ပြီးနောက် အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရာ တွင် ပိတ်ဆို့အရေးယူမှုနှင့် ထိတွေ့ဆက်ဆံမှုဟု ဆိုသော နှစ်လမ်းသွား ဆက်ဆံရေးသစ်ကို စတင် ကျင့်သုံးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ ခဲ့သည်။ ထိုအချိန်မှစ၍ အမေရိကန်အစိုးရ တာဝန်ရှိသူများသည် မြန်မာ နိုင်ငံ အစိုးရအဖွဲ့၊ ထိပ်တန်းခေါင်းဆောင်များနှင့် ထိတွေ့ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပြုလုပ်လာခဲ့သည်။ တစ်ချိန်တည်း တွင် အမေရိကန် အစိုးရသည်

မြန်မာနိုင်ငံတွင်း၌ ဒီမိုကရေစီ ပြုပြင် ပြောင်းလဲမှုများ ဖြစ်ပေါ်စေရန် သံတမန်နည်းလမ်းနှင့် စီးပွားရေးပိတ်ဆို့မှု နည်းလမ်းနှစ်သွယ်တို့ကို ထိန်းညှိကျင့်သုံးခဲ့သည်။

အဆိုပါ နှစ်လမ်းသွား မူဝါဒသစ်ကို အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက် အောင်မြင်ရေးအတွက် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု သမ္မတ ဘားရက်ဟူစိန်အိုဘားမားသည် အာရှ နှင့် ပစိဖိတ်ဒေသ လုံခြုံရေးရာ ဒုတိယ လက်ထောက်ကာကွယ်ရေးဝန်ကြီး ဒဲရစ်မစ်ချယ်ကို မြန်မာနိုင်ငံဆိုင်ရာ မူဝါဒညှိနှိုင်းရေးမှူးနှင့် အထူး ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခဲ့သည်။

အထက်လွှတ်တော်က ကြားနာပြီ

အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကော်မတီ သည် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒ ညှိနှိုင်းရေးမှူးနှင့် အထူးကိုယ်စားလှယ် ခန့်ထားရေးအတွက် ကြားနာမှုကို ပြုလုပ်ခဲ့သည်။ အဆိုပါ ကြားနာပွဲတွင် အထက်လွှတ်တော် နိုင်ငံခြား ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက သမ္မတ၏ အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ ရောက်ရှိသောအခါ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခြင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ၊ သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ် ဖွဲ့စည်းမှု အပါအဝင် မြန်မာနိုင်ငံတွင်း လတ်တလော ဖြစ်ပေါ်တိုးတက်မှု များ၏ အကျိုးဆက်များနှင့် လားရာများကို လေ့လာဆန်းစစ်ရမည်ဟု ထည့်သွင်း ပြောကြားခဲ့သည်။

မစ်ချယ်သည် အထက်လွှတ်တော်၏ အတည်ပြုရေး ကြားနာပွဲ၌ သူသည် မြန်မာခေါင်းဆောင်များနှင့် ပွင့်လင်းသော တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးမှုများကို စတင်မည်ဖြစ်ကြောင်း၊ သို့သော် အမေရိကန်နိုင်ငံ အနေ ဖြင့် မြန်မာနိုင်ငံနှင့် ချဉ်းကပ်ဆက်ဆံရာတွင် ပြောင်းလွယ်ပြင်လွယ် ရှိသင့်

ကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

အထက်လွှတ်တော်က အတည်ပြုပြီ

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် အမေရိကန် အထက်လွှတ်တော်သည် သမ္မတ အိုဘားမား ရွေးချယ်ခဲ့သော ဒဲရစ်မစ်ချယ်ကို သံအမတ်ကြီး အဆင့်အတန်းနှင့် ညီမျှသော မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် ပြည်ထောင်စု၏ မူဝါဒညှိနှိုင်းရေးမှူးနှင့် အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ရေးကို သဘောတူ အတည်ပြုခဲ့သည်။ ဒဲရစ်မစ်ချယ်ကို အထူး ကိုယ်စားလှယ်အဖြစ် ခန့်အပ်နိုင်ရန် သမ္မတ အိုဘားမားအနေဖြင့် ရွေးချယ် နိုင်သော်လည်း အထက်လွှတ်တော်၏ သဘောတူညီချက် ရရှိမှသာ တရားဝင် ခန့်အပ်နိုင်မည် ဖြစ်သည်။ အထက်လွှတ်တော်၏ အတည်ပြုမှု ရရှိပြီးနောက် ဒဲရစ်မစ်ချယ်သည် ပထမဆုံး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် ပြည်ထောင်စု၏ မူဝါဒညှိနှိုင်းရေးမှူးနှင့် အထူးကိုယ်စားလှယ် ဖြစ်လာ သည့်အပြင် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အမေရိကန် အထက်လွှတ်တော် သည် မြန်မာနိုင်ငံတွင် သံအမတ်ကြီးအဆင့်အတန်း ရာထူးခန့်ထားမှု အတွက် ပထမဆုံးအကြိမ် အတည်ပြုခဲ့ခြင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အမေရိကန် အထက်လွှတ်တော်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင် ဘာလ ၃၀ ရက်နေ့ နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ သံအမတ်ကြီးခန့်ထားမှု ကို အတည်မပြု ပယ်ချခဲ့သည်။ အမေရိကန် ပြည်ထောင်စု၏ မြန်မာနိုင်ငံ ဆိုင်ရာ နောက်ဆုံးသံအမတ်ကြီးမှာ ဘာတွန်လီဗင် ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဂျော့ဒဗလျူဘွတ်ရှ် အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ သံ အမတ် ခန့်အပ်နိုင်ရန် ဖရက်ဒရစ်ဗရီးလန်းကို ရွေးချယ်ခဲ့သော်လည်း အထက်လွှတ်တော်က အတည်မပြုသဖြင့် မခန့်အပ်နိုင်ခဲ့ပေ။ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် သမ္မတ ဘီကလင်တန်သည် ပတ်ကားဒဗလျူ ဘော့ချ်ကို ထပ်မံ ရွေးချယ်ခဲ့သော်လည်း အထက်လွှတ်တော်က သဘော မတူခဲ့သဖြင့် ခန့်အပ်နိုင်ခြင်း

မရှိခဲ့ပေ။ ၂၀၀၈ ခုနှစ်တွင် သမ္မတ ဘွတ်ရှ် သည် မိုက်ကယ်ဂျေကရင်းအား အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ရန် ရွေးချယ်ခဲ့သော်လည်း ဘွတ်ရှ်အစိုးရ သက်တမ်းကုန်ဆုံးသည်အထိ အထက်လွှတ်တော်က အတည်ပြုရန် မဆောင်ရွက်နိုင်ခဲ့ပေ။

ဒဲရစ်မစ်ချယ်

ဒဲရစ်မစ်ချယ်သည် အများလေးစားခံရသော အာရှတိုက်နှင့် နီးစပ်သူ ဖြစ်သည်။ သူသည် ကာကွယ်ရေးဝန်ကြီးဌာနရုံးတွင် အာရှနှင့် ပစိဖိတ် ရေးရာ အထူးလက်ထောက်အဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့သည်။ အိုဘားမား၏ မဲဆွယ်စည်းရုံးရေး ကာလအတွင်း မစ်ချယ်သည် နိုင်ငံခြားရေးမူဝါဒ အကြံပေးအဖြစ် တာဝန်ယူခဲ့ပြီး လက်ရှိ အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန် ဒုတိယ လက်ထောက်ကာကွယ်ရေး ဝန်ကြီးအဖြစ် တာဝန်ယူထားသူ ဖြစ်သည်။ မစ်ချယ်သည် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ကာ့ဒ် ကမ်ဘဲလ်နှင့်အတူ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာနတွင် အလုပ်လုပ်ခဲ့ပြီး ကမ်ဘဲလ်သည် ၂၀၀၉ ခုနှစ်ကတည်းက မြန်မာနိုင်ငံ အရေးကိစ္စများကို ကိုင်တွယ်ဆောင်ရွက်လျက် ရှိသည်။ ဒဲရစ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ဖူးသူ ဖြစ်သည့်အပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ အပါအဝင် ဒေသတွင်း နိုင်ငံများအကြောင်းကို ကောင်းစွာ သိရှိသူဖြစ်ကြောင်း၊ မြန်မာ့အရေးကိစ္စတွင် ဒဲရစ်သည် မဟာဗျူဟာမြောက်၊ ဘက်ညီသော အမြင်ရှိသူတစ်ဦးဖြစ်ကြောင်း ဘွတ်ရှ်လက်ထက် အမည် တင်သွင်းခံခဲ့ရသူ ဂျေကရင်းက ပြောကြားခဲ့သည်။ မစ်ချယ်သည် ၁၉၈၆ ခုနှစ်တွင် ဘီအေဘွဲ့ကို ရရှိခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် အမ်အေဘွဲ့ကို ဥပဒေနှင့် သံတမန်ရေးရာ အထူးပြုနှင့် ရရှိခဲ့သည်။

အလားအလာကောင်းသော ခန့်အပ်မှု

ဒဲရစ်မစ်ချယ်ကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏

မူဝါဒညှိနှိုင်းရေးမှူးနှင့် အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့ခြင်းနှင့် ပတ် သက်၍ ဒေါ်အောင်ဆန်းစုကြည်က အထူးကိုယ်စားလှယ်တစ်ဦး အနေနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဖြစ်နိုင်သရွေ့ အမြန်ဆုံးနှင့် အချောမွေ့ဆုံး ထူထောင်နိုင်ဖို့ ကြိုးစားရမည်မှာ သူ၏ တာဝန်ဖြစ်သဖြင့် မိတ်ဆွေကောင်း တစ်ဦးအဖြစ် ရှုမြင်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဒဲရစ်မစ်ချယ်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူး ကိုယ်စား လှယ်အဖြစ် အထက်လွှတ်တော်က ထောက်ခံခဲ့ခြင်းသည် အမေရိကန် ပြည် ထောင်စု၏ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရေး မူဝါဒကို အကောင်အထည် ဖော်ရာတွင် အရေးကြီးသော ခြေလှမ်းတစ်ခု ဖြစ်သည်။ မစ်ချယ်အနေဖြင့် လာမည့် ကာလများတွင် အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြား အပြန်အလှန် နားလည်မှု၊ အသိအမှတ်ပြုမှုတို့အပေါ် အခြေခံသည့် ထိတွေ့ ဆက်ဆံမှုများကို ပိုမို ဦးဆောင်ပြုလုပ်လာဖွယ် ရှိသည်။

အမေရိကန် အစိုးရအဖွဲ့သည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးမှု၊ အလုပ် သမား ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ တွင် နှစ်ကြိမ် တွေ့ဆုံမှု၊ တွေ့ဆုံပြီးနောက် နှစ်ဦးသဘောတူ ကြေညာချက် ထုတ်ပြန်မှု၊ ဒေါ်အောင်ဆန်းစုကြည်၏ ပဲခူးမြို့ခရီးစဉ်တွင် အာဏာပိုင် များ၏ ပူးပေါင်းဆောင်ရွက်မှုတို့အတွက် မြန်မာနိုင်ငံ ပြည်ထောင်စု အစိုးရ အဖွဲ့ကို ကြိုဆိုခဲ့သည်။

အမေရိကန်မူဝါဒ အကူးအပြောင်း အစ

အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒသစ်သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့တောင်အာရှရေးရာ ညွှန်ကြား ရေးမှူး စတီဗင်ဘလိတ်၏ ၂၀၀၉ ခုနှစ်၊ မတ်လ ခရီးစဉ်နှင့် တရားဝင် စတင်ခဲ့သည်ကို

တွေ့ရသည်။ စတီဗင်ဘလိတ်သည် နိုင်ငံခြားရေးဝန်ကြီး ဦးဥဏ်ဝင်းနှင့် တွေ့ဆုံခဲ့သည်။

စတီဗင်ဘလိတ်၏ ခရီးစဉ် မတိုင်မီ၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာလဆန်း တွင် အမေရိကန် ဒီမိုကရက်တစ်ပါတီ၏ အဓိကအလှူရှင်နှင့် နောက်ပိုင်း နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ ဟီလာရီကလင်တန်ကို ထောက်ခံသူနှင့် မိတ်ဆွေကောင်းတစ်ဦးဖြစ်သူ၊ နောက်ပိုင်း သမ္မတလောင်း ဘားရက် အိုဘားမားကို ထောက်ခံသူ၊ ဒေါက်တာဂျေးလ်အစ်ကောလ်သည် မြန်မာ နိုင်ငံသို့ အလည်အပတ် လာရောက်ခဲ့သည်။ ထို့နောက် အမေရိကန် အာ ဆီယံ စီးပွားရေးကောင်စီ၏ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လောနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံများဆိုင်ရာ ကောင်စစ်ဝန် မစ်ဖရန့်စ် ဇွာနင်းသည် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘော အလည်အပတ်လာရောက်ခဲ့သည်။

အမေရိကန် ပြည်ထောင်စု၏ မူဝါဒသစ်ကို အဓိကမောင်းနှင်ခဲ့သူ များတွင် အထက်လွှတ်တော်အမတ် ဂျင်ဝက်သည်လည်း တစ်ဦး အပါ အဝင် ဖြစ်သည်။ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လအတွင်း အမေရိကန် အထက် လွှတ်တော်အမတ် ဂျင်ဝက်၏ မြန်မာနိုင်ငံ ခရီးစဉ်သည် နှစ်နိုင်ငံ ဆက်ဆံ ရေးကို ရေချိန်သစ်သို့ ရောက်ရှိစေခဲ့သည်။ အထက်လွှတ်တော်အမတ် ဂျင်ဝက်သည် ဩဂုတ်လ ၁၅ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်တို့နှင့် နေပြည်တော် အုပ်ချုပ်ရေးမြို့တော်တွင် တွေ့ဆုံခဲ့သည်။ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အထက်လွှတ်တော်အမတ် ဂျင်ဝက်သည် ရန်ကုန်မြို့၊ စိမ်းလဲ့ ကန်သာ ဧည့်ရိပ်သာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေး ခဲ့သည်။

မြန်မာ နိုင်ငံခြားရေးဝန်ကြီး ဦးဥဏ်ဝင်းသည် ကုလသမဂ္ဂ အစည်း

အဝေး တက်ရောက်နေစဉ် ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီ၌ အထက်လွှတ်တော်အမတ် ဂျင်ဝက်၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က ပိတ်ဆို့အရေးယူမှုနှင့် အဆင့်မြင့် ထိတွေ့ဆက်ဆံမှုတို့ ပေါင်းစပ်ထားသော မူဝါဒသစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း စက်တင်ဘာ လ ၂၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထို့နောက် အထက်လွှတ်တော် အမတ် ဂျင်ဝက်သည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နယူးယောက်မြို့၌ တွေ့ဆုံခဲ့သည်။

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စုနှင့် မြန်မာနိုင်ငံတို့သည် အဆင့်မြင့် အရာရှိကြီးများအဆင့် တွေ့ဆုံဆွေးနွေးမှုကို စတင်ခဲ့သည်။ အမေရိကန် ကိုယ်စားလှယ်အဖွဲ့ကို အရှေ့ အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့ဒ်ကမ်ဘဲလ်က ဦးဆောင်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ကို အမေ ရိကန် သံအမတ်ဟောင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီး ဦးသောင်းက ဦးဆောင်ခဲ့သည်။ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုများနှင့် ထိတွေ့ဆက်ဆံမှုများ သည် တိုးတက်မှုများဆီသို့ ဦးတည်သည့် ပထမခြေလှမ်းများ ဖြစ်ခဲ့သည် ဟု လေ့လာသူများက သုံးသပ်ကြသည်။

ကာ့ဒ်ကမ်ဘဲ၏ ခရီးစဉ်

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့သည် ၂၀၁၀ ပြည့်နှစ်၊ မေလတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့ကို အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့ဒ်ကမ်ဘလ်က ဦးဆောင်ခဲ့ပြီး မေလ ၉ ရက်နေ့တွင် နေပြည်တော် အုပ်ချုပ်ရေးမြို့တော်သို့ ရောက်ရှိခဲ့သည်။

ကာ့ဒ်ကမ်ဘလ်သည် နိုင်ငံခြားရေးဝန်ကြီး ဦးဉဏ်ဝင်း၊ ပြန်ကြားရေး ဝန်ကြီး ဦးကျော်ဆန်းနှင့် ယဉ်ကျေးမှုဝန်ကြီး ဦးခင်အောင်မြင့်တို့ ဦးဆောင် သော ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဦးသောင်း၊ အလုပ်သမားဝန်ကြီးနှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးတို့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း အမေရိကန် လက်ထောက်နိုင်ငံခြားရေး ဝန်ကြီးသည် နိုင်ငံ၏ ထိပ်ပိုင်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်း မရှိသဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးသည် ထင်သလောက် ခရီးပေါက်ပုံမရဟု လေ့လာသူများက သုံးသပ်ခဲ့ကြသည်။ အမေရိကန် လက်ထောက်နိုင်ငံခြား ရေး ဝန်ကြီး ကာ့ဒ်ကမ်ဘလ်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး၏ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟို အလုပ်အမှု ဆောင် ကော်မတီဝင်များကို နေပြည်တော် အုပ်ချုပ်ရေးမြို့တော်ရှိ အသင်း ဌာနချုပ်တွင် တွေ့ဆုံခဲ့သည်။

၂၀၁၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၊ စိမ်းလဲ့ ကန်သာ ဧည့်ရိပ်သာ၌ ကာ့ဒ်ကမ်ဘလ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်။ ထို့အတူ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ခေါင်းဆောင် များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့သည်။

ဂျိုးဆက်ရန် ခရီးစဉ်

အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန် ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဂျိုးဆက်ရန်သည် ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိခဲ့သည်။ ဂျိုးဆက် ရန်သည် နိုင်ငံခြားရေးဝန်ကြီး ဦးဉဏ်ဝင်း၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည့်အပြင်၊ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း သူမ၏ နေအိမ်၌

သွားရောက် တွေ့ဆုံခဲ့သည်။

အမေရိကန် ဒုတိယ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိုးဆက်ရန်သည် ၂၀၁၁ ခုနှစ်၊ မေလအတွင်း မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် အလည် အပတ်လာရောက်ခဲ့သည်။ ရန်သည် မေလ ၁၈ ရက်နေ့တွင် ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏ မောင်လွင်တို့နှင့် နေပြည်တော် အုပ်ချုပ်ရေးမြို့တော်တွင် တွေ့ဆုံဆွေးနွေး ခဲ့သည်။ မေလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်။

ဂျိုးဆက်ရန်၏ ခရီးစဉ်သည် ကာ့ဒ်ကမ်ဘဲလ် စတင်ခဲ့သည့် ထိတွေ့ဆက်ဆံရေး ကနဦးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပြီး အချက်အလက် ရှာဖွေရေးအပိုင်းက ပိုမိုအရေးပါသည်ဟု ဆိုနိုင်သည်။ ဂျိုးဆက်ရန်သည် မြန်မာအစိုးရသစ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ သဘောထားများနှင့် အလားအလာများကို အမေရိကန် အစိုးရသို့ ပြန်လည် အစီရင်ခံ တင်ပြခဲ့သည့် ခရီးစဉ်ဖြစ်သည်။

၂၀၁၁ ခုနှစ်၊ ဇွန်လတွင် အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း ဦးဆောင်သော အမေရိကန် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ နိုင်ငံသို့ အလည်အပတ် ရောက်ရှိခဲ့သည်။ ဂျွန်မက်ကိန်းသည် ဇွန်လ ၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဒုတိယ သမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင် အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့နှင့် တွေ့ဆုံခဲ့သည်။ ထို့ အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

မူဝါဒ အပြောင်းအလဲ၏ သော့ချက်

အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒအပြောင်း

အလဲသည် ပြည်တွင်း နိုင်ငံရေး အခင်းအကျင်းကိုသာမက၊ ဒေသတွင်း နိုင်ငံရေး အခင်းအကျင်းကိုလည်း ရိုက်ခတ်ခဲ့သည်။ အမေရိကန်၏ မူဝါဒ အပြောင်းအလဲသည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) ဝင် နိုင်ငံ များနှင့် အမေရိကန် ပြည်ထောင်စုအကြား မဟာဗျူဟာမြောက် ဆက်ဆံရေး တည်ဆောက်လိုသည့် အချက်သည်လည်း အဓိကကျနိုင်သည်ဟု လေ့လာ သူများက သုံးသပ်ကြသည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံ၏ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် မြင့်တက်လာနေသော ဆက်ဆံရေး ဒီရေကိုလည်း စိုးရိမ်ကြောင့်ကြပုံ ရသည်ဟုလည်း သုတေသီ များက ကောက်ချက်ချကြသည်။ အမေရိကန်ပြည်ထောင်စုသည် အရှေ့ တောင် အာရှ ဒေသတွင် မဟာဗျူဟာမြောက် နိုင်ငံရေး မဟာမိတ်ကွန်ရက် ချဲ့ထွင်လိုခြင်း၊ ကုန်သွယ်ရေးကွန်ရက် တိုးချဲ့လိုခြင်း၊ အဆိုပါ ဒေသတွင်း နိုင်ငံများအပေါ် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နိုင်ငံရေးနှင့် စီးပွားရေး ဩဇာသက်ရောက်မှုကို ထိန်းချုပ်လိုခြင်း၊ အိန္ဒိယ သမုဒ္ဒရာနှင့် ဘင်္ဂလား ပင်လယ်အော်တွင် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် တည်ဆောက်မှု များကို ထိန်းညှိလိုခြင်းနှင့် တောင်တရုတ်ပင်လယ်တွင် မဟာဗျူဟာမြောက် ဩဇာကွန်ရက် ထူထောင်လိုခြင်း စသည့် မဟာဗျူဟာ ဦးတည်ချက်များ ချမှတ်ပြီး ပုံဖော်နေပုံရသည်ဟုလည်း ဆန်းစစ်သူများက ထောက်ပြကြ သည်။

ထိုအခြေအနေတွင် အရှေ့တောင်အာရှဒေသ၌ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံအကြား တည်ရှိပြီး ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်နေသည့် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် တည်ရှိမှုသည် အရှေ့တောင်အာရှ ဒေသတွင် မဟာဗျူဟာကွန်ရက် ထူထောင်မည့် အမေရိကန်ပြည်ထောင်စု အတွက် ပဓာနကျလာပုံရသည်ဟုလည်း စောင့်ကြည့်သူများက သုံးသပ်ကြ သည်။ ထို့အပြင် လွန်ခဲ့သောလပိုင်းများမှ စတင်အကောင်အထည် ဖော်နေသော သို့မဟုတ် စီမံချက်ချမှတ် ပုံကြမ်းထုတ်နေသော ထားဝယ် ရေနက်ဆိပ်ကမ်း စီမံကိန်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်း စီမံကိန်း၊ နိုင်ငံ ဖြတ်ကျော် ရေနံစိမ်းပိုက်လိုင်းနှင့်

သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှု စီမံကိန်း၊ ကျောက်ဖြူ-ရွှေလီ အမြန်ရထားလမ်း စီမံကိန်းတို့သည် လာမည့် ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံသည် အရှေ့တောင်အာရှသာမက၊ တောင်အာရှဒေသ စီးပွားရေးပတ်ဝန်းကျင်တွင် ပိုမိုအရေးပါ အရာရောက် လာမည့်နိုင်ငံ ဖြစ်သည်ဟု သုတေသီများက ကောက်ချက်ချကြသည်။ အမေရိကန် ပြည်ထောင်စုသည် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒများကို ညှိနှိုင်း ချမှတ်ရာတွင် ဖော်ပြပါ စီမံကိန်းကြီးများသည် အခရာကျသကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့်သဘောထား ကို အမေရိကန် ပြည်ထောင်စုအနေဖြင့် လိုက်လျောညီထွေ ထိန်းညှိရန် လည်း ပဓာနကျသည်။

သို့မဟုတ်ပါက အမေရိကန် ပြည်ထောင်စုနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား မြန်မာနိုင်ငံနှင့်ပတ်သက်သော သဘောထားကွာဟမှု သည် ကျဉ်းမြောင်းသွားရန် ခက်ခဲနေလိမ့်မည်။ အမေရိကန်နှင့် အာဆီယံ အကြား သဘောထားကြေညက်မှု လျော့ပါးနေသရွေ့ မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ လွှမ်းမိုးမှုကို လျှော့ချနိုင်ရန် မလွယ်ကူနိုင် ဖြစ်လိမ့်မည်ဟု စောင့်ကြည့်သူများက ထောက်ပြကြသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံအနေဖြင့် အရှေ့တောင်အာရှဒေသ အထူးသဖြင့် မြန်မာ နိုင်ငံနှင့် ဆက်ဆံရေးတွင် မူဝါဒသစ်များနှင့် ထိတွေ့ဆက်ဆံမှုသစ်များ မဖြစ်မနေ လိုအပ်နေခြင်းဖြစ်သည်ဟုလည်း သုံးသပ်ရှုမြင်ကြသည်။

နိဂုံး

ဒဲရစ်မစ်ချယ်သည် ယခင် အထူးကိုယ်စားလှယ်များနှင့်မတူ၊ တစ်မူ ထူးခြားသည့် အရသာသစ်ကို ဆောင်ကြဉ်းပေးနိုင်ခြင်း ရှိ၊ မရှိကိုမူ စောင့် ကြည့်ရဦးမည် ဖြစ်သည်။ သူ၏ ခရီးစဉ်အတွင်း အထူးကိုယ်စားလှယ်သည် အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ခြားနားကွာဟမှုများကို ကျဉ်း နိုင်သမျှ ကျဉ်းအောင် ဆောင်ရွက်နိုင်ပြီး ပိုမိုကျယ်ပြန့်သော နားလည်မှု တစ်ခုဆီ

ဦးတည်နိုင်လိမ့်မည်ဟု အကဲခတ်များက သုံးသပ်ကြသည်။ မစ်ချယ်သည် မြန်မာ့နိုင်ငံရေး အခင်းအကျင်းကို ကျွမ်းကျင်ပိုင်နိုင်စွာ စဉ်းစားတွေးခေါ်ပြီး အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးသည် အမေရိကန် အစိုးရ၊ မြန်မာအစိုးရနှင့် မြန်မာပြည်သူလူထုတို့၏ ဆန္ဒအများစုကို ကိုယ်စားပြုနိုင်မည့် အခင်းအကျင်းတစ်ခုကို ပုံဖော်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

**ကိုးကား - ဝိကီပီးဒီးရားနှင့် အင်တာနက် စာမျက်နှာများ**

♥ ♥ ♥

# ၂၀၁၂ ခုနှစ် အမေရိကန်-မြန်မာ ဆက်ဆံရေးအလားအလာ

အမေရိကန်ပြည်ထောင်စုနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသည် သမ္မတ အိုဘားမား၏ မူဝါဒသစ်အောက်တွင် အတော် ခရီးပေါက်ခဲ့ပြီဟု ဆိုနိုင်သည်။ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ၊ ဒီဇင်ဘာ ခရီးစဉ်နောက်ပိုင်း နှစ်နိုင်ငံ ဆက်ဆံရေး သည် မိတ်ဖက် သို့မဟုတ် မဟာမိတ်ဆက်ဆံရေးသို့ အချိန်မရွေး ခုန်ကူး သွားနိုင်ဖွယ် ရှိသည်ဟုလည်း သုံးသပ်ကြသည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ် အတွင်း မြင်တွေ့လာရဖွယ်ရှိသည့် အမေရိကန် ပြည်ထောင်စုနှင့် မြန်မာ နိုင်ငံအကြား အဆင့်မြင့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အလား အလာများကို စောင့်ကြည့် လေ့လာမိပါသည်။

၂၀၁၁ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ခရီးပေါက်ခဲ့သော နှစ်နိုင်ငံ ဆက်ဆံ ရေး အရှိန်အဟုန်အရ ၂၀၁၂ ခုနှစ်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုအဆင်ပြေ ချောမွေ့လာဖွယ် ရှိနေသော်လည်း ၂၀၁၂ ခုနှစ်သည် အမေရိကန် ပြည်ထောင်စုတွင် သမ္မတရွေးကောက်ပွဲ၊ အထက်လွှတ်တော် ရွေးကောက်ပွဲနှင့် အောက်လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပမည့်နှစ် ဖြစ်နေသည်က တစ်ကြောင်း၊ အောက်လွှတ်တော်တွင် အမတ်အများစုနေရာ လက်လွှတ်ထားခဲ့ရသော ဒီမိုကရက်တစ်ပါတီအနေဖြင့်၊ အများစု အမတ် ဦးရေ ပြန်လည်ရရှိအောင် အပြင်းအထန် ကြိုးစားရဖွယ် ရှိနေသည်က တစ်ကြောင်း၊ သမ္မတ ရွေးကောက်ပွဲနှင့် လွှတ်တော် ရွေးကောက်ပွဲများ မတိုင်မီ အမေရိကန် နိုင်ငံခြားရေးမူဝါဒ အခင်းအကျင်းတွင် လွဲချော် ယိမ်းယိုင်မှုများ ရှိခဲ့ပါက ရွေးကောက်ပွဲ၏ ရလဒ်အပေါ် ဂယက်ရိုက် နိုင်သည်က တစ်ကြောင်းတို့ကြောင့် သမ္မတ အိုဘားမား ဦးဆောင်သော ဒီမိုကရက်တစ်ပါတီ အစိုးရသည် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတကာ ရေးရာ ကိစ္စများတွင် သတိကြီးကြီးထား ချဉ်းကပ်ဆောင်ရွက်နိုင်ဖွယ်ရှိပြီး အငြင်းပွားဖွယ်၊ နိုင်ငံရေးအရ ထိလွယ်ရှလွယ်ကိစ္စများကို ရွေးကောက်ပွဲ လွန်၊ ၂၀၁၃ ခုနှစ်မှသာ

အုံနှင့်ကျင်းနှင့် အကောင်အထည်ဖော်ဖွယ် ရှိနေ သည်။

၅၇ ကြိမ်မြောက် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၊ ၁၁၃ ကြိမ် မြောက် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော် ရွေးကောက်ပွဲနှင့် အထက်လွှတ်တော်အမတ် ၃၃ နေရာ ရွေးကောက်ပွဲများကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု တစ်ဝန်း၌ တစ်ပြိုင် နက် ကျင်းပမည်ဖြစ်သည်။

ဒီမိုကရက်တစ်ပါတီသည် လက်ရှိသမ္မတ ဘားရက်ဟူစိန်အိုဘား မားကို ဒုတိယ သက်တမ်းအတွက် အမေရိကန်သမ္မတအဖြစ် ပြန်လည် ရွေးကောက်ခံရရေးအတွက်သာမက၊ အောက်လွှတ်တော်တွင် အများစု အမတ်နေရာ ရရှိရေး၊ အထက်လွှတ်တော်တွင် အများစု အမတ်နေရာ ဆက်လက် ထိန်းထားနိုင်ရေးတို့အတွက် အားကုန်ထုတ် ပြင်ဆင်ရမည် ဖြစ်သည်။ ဒီမိုကရက်တစ်ပါတီနှင့် ရီပတ်ဘလီကန်ပါတီတို့သည် ပါတီ၏ သမ္မလောင်း ရွေးကောက်ပွဲများကို အမေရိကန်ပြည်ထောင်စု၏ ပြည်နယ် များတွင် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်မှ ဇွန်လ ၅ ရက်နေ့အထိ ၅ လကြာ ကျင်းပပြုလုပ်မည်ဖြစ်ပြီး သြဂုတ်လ ၂၇ ရက်မှ ၃၀ ရက်နေ့အထိ ကျင်းပမည့် ရီပတ်ဘလီကန်ပါတီ ညီလာခံနှင့် စက်တင်ဘာလ ၃ ရက် မှ ၆ ရက်အထိ ကျင်းပမည့် ဒီမိုကရက်တစ်ပါတီ ညီလာခံတို့တွင် ပါတီ နှစ်ခု၏ သမ္မတလောင်းများကို အပြီးသတ်ရွေးချယ်မည် ဖြစ်သည်။ ထို့ ကြောင့် ၂၀၁၂ ခုနှစ်သည် အမေရိကန်ပြည်ထောင်စု၏ ပြည်တွင်းနိုင်ငံရေး တွင် အလုပ်ရှုပ်မည့်နှစ်ဟု သုံးသပ်နိုင်သည်။

၂၀၁၂ ခုနှစ်သည် အမေရိကန် ပြည်တွင်းနိုင်ငံရေးတွင် ရွေးကောက်ပွဲ နှစ် ဖြစ်သည့်အတွက် ထိလွယ်ရှလွယ်သော်လည်း အမေရိကန် ပြည် ထောင်စုနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့အကြား ဆက်ဆံရေးတွင် တိုးတက်ပြောင်းလဲမှုအချို့ ပုံပေါ်လာဖွယ်ရှိသည်ဟုလည်း သုံးသပ်ကြ သည်။ ပထမဆုံး အကောင်အထည် ပေါ်လာဖွယ်ရှိသည့် ကိစ္စမှာ နှစ်နိုင်ငံ

သံတမန်ဆက်ဆံရေးတွင် သံအမတ်ကြီးအဆင့် ဆက်ဆံရေးကို ပြန်လည် ထူထောင်မည့်ကိစ္စ ဖြစ်နိုင်သည်။

အမေရိကန် သံအမတ်ကြီး ဘာတွန်လီဗင်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် တာဝန်ပြီးဆုံးသဖြင့် ပြန်လည်ထွက်ခွာ ခဲ့ချိန်မှစ၍ အမေရိကန် ပြည်ထောင်စုသည် မြန်မာနိုင်ငံတွင် သံအမတ်ကြီး ခန့်အပ်မှု မရှိခဲ့သည်မှာ ၂၁ နှစ်ကျော်ပြီ ဖြစ်သည်။ ဘာတွန်လီဗင် နောက် ပိုင်း အမေရိကန် သံအမတ်ကြီးအဖြစ် နှစ်ဦးကို အဆိုပြုခဲ့သော်လည်း တစ်ဦးကို အထက်လွှတ်တော်က ပယ်ချခဲ့ပြီး တစ်ဦးကို မြန်မာအစိုးရ ဘက်မှ လက်မခံခဲ့ပေ။ ထို့ကြောင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ် ခန့်အပ်ရေးတွင် အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကော်မတီ၏ သဘောတူညီမှုသည် အရေးပါသည့်အပြင် မြန်မာအစိုးရမှ သံအမတ်ကြီး အဖြစ် လက်ခံရန်လည်း လိုအပ်သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး သည် သံအမတ်ခန့်ထားရေးကိစ္စနှင့် ပတ်သက်၍ အထက်လွှတ်တော်ကို မည်သို့ အစီရင်ခံမည်ကို စောင့်ကြည့်ရမည် ဖြစ်သည်။ အမေရိကန် နိုင်ငံခြား ရေးဌာနနှင့် အထက်လွှတ်တော်တို့၏ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက် မှုနှင့်အတူ ၂၀၁၂ ခုနှစ်အတွင်း နှစ်နိုင်ငံအကြား သံအမတ်ကြီးများ အပြန် အလှန် ခန့်အပ်နိုင်လိမ့်မည်ဟု ကောက်ချက်ပြုမိသည်။

နှစ်နိုင်ငံ သံအမတ်ကြီးများ ခန့်အပ်ပြီးနောက်ပိုင်းတွင် နှစ်နိုင်ငံ သံတမန် ဆက်ဆံရေးသည် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိ သည်ဟု ယေဘုယျ သုံးသပ်နိုင်သည်။ ထို့နောက် အမေရိကန် ပြည် ထောင်စုသည် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ စီမံချက်များအား ပိတ်ပင်ထားမှုကို ရုပ်သိမ်းပြီးနောက် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အထောက်အပံ့များသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ပြန်လည်စီးဝင်လာပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များတွင် တဖြည်းဖြည်း အင်တိုက် အားတိုက် ပါဝင်လာမည့် မြင်ကွင်းကို

၂၀၁၂ ခုနှစ်တွင် မြင်တွေ့ရမည်မှာ မလွဲသေချာ ဖြစ်သည်။

ထို့အပြင် ကုလသမဂ္ဂနှင့် ဆက်စပ်အဖွဲ့များ၏ အထောက်အပံ့ ပေးရေး လုပ်ငန်းအစီအစဉ်များသည်လည်း ၂၀၁၂ ခုနှစ်တွင် ပိုမိုကျယ်ပြန့် ခရီးရောက်လာဖွယ် ရှိနေသည်။ အမေရိကန် ပြည်ထောင်စုနှင့် ဆက်ဆံရေး ပုံမှန် ပြန်တည်ဆောက်နိုင်ခြင်းနှင့်အတူ ကုလသမဂ္ဂ၊ ဆက်စပ်အဖွဲ့အစည်း များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် မြန်မာ့လူ့အဖွဲ့အစည်း၏ နယ်ပယ်စုံတွင် ပိုမိုထိရောက် တွင်ကျယ်စွာ ပါဝင်လာဖွယ် ရှိနေသည်။ မြန်မာနိုင်ငံ၏ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ၊ ဆင်းရဲမွဲတေမှု လျှော့ချရေး အစီအစဉ်များ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စီမံချက် များနှင့် ပညာရေးအဆင့်အတန်း မြင့်မားရေး အစီအစဉ်များကို အကောင် အထည်ဖော်ရာတွင် အမေရိကန်ပြည်ထောင်စုအပါအဝင် ဖွံ့ဖြိုးပြီး နိုင်ငံ များမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင် အဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့များသည် အလွန်အရေးကြီးသည့်အလျောက် ၂၀၁၂ ခုနှစ်အတွင်း အစိုးရမဟုတ်သော နိုင်ငံတကာ လူမှုအဖွဲ့အစည်းများမှ အကူအညီ၊ အထောက်အပံ့များသည် မြန်မာ့လူ့အဖွဲ့အစည်းသို့ ပိုမိုစီးဝင် လာမည်ဟုလည်း မျှော်လင့်ကြသည်။

၂၀၁၂ ခုနှစ်တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပြန်လည် ရရှိလာဖွယ်ရှိသည့် နယ်ပယ်မှာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်း စဉ်တွင် ဖြစ်သည်။ ၁၉၈၈ ခုနှစ် မတိုင်မီအထိ အမေရိကန်ပြည်ထောင်စု သည် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစီမံချက်များ တွင် များစွာ အထောက်အကူပြုခဲ့သည်။ ၁၉၇၄ ခုနှစ် ဇူလိုင်လ ၂၆ ရက် နေ့တွင် အမေရိကန် ပြည်ထောင်စုနှင့် မြန်မာနိုင်ငံတို့သည် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု ပပျောက်ရေး လုပ်ငန်းများတွင် အကူအညီ အထောက်အပံ့များပေးရန် သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ပြီးနောက်

၁၉၇၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက အရပ်ဘက်သုံး ရဟတ်ယာဉ် ၁၈ စီးကို ပေးအပ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ် သည် သမ္မတ ဂျီရယ်ဖို့ဒ်ထံ ခန့်အပ်လွှာပေးအပ်သောအခါ သမ္မတ ဖို့ဒ်က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်မှုကို ချီးကျူးစကား ပြောကြားသည်အထိ အောင်မြင်မှု ရရှိခဲ့ သည်။ မှတ်တမ်းများအရ ၁၉၄၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အစီအစဉ်များအတွက် အမေရိကန်ပြည်ထောင်စု အစိုးရ များသည် မြန်မာနိုင်ငံကို အမေရိကန်ဒေါ်လာ ၈၆.၆ သန်း တန်ဖိုးရှိ အထောက်အပံ့များကို ပေးအပ်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ဘဲလ် ၂၀၅ ရဟတ်ယာဉ်အစီး ၂၀၊ ဘဲလ် ၂၀၆ ရဟတ်ယာဉ် ၇ စီး၊ ဘဲလ် ၂၁၂ ရဟတ်ယာဉ် ၁ စီး၊ အက်ဖ် ၂၇ ဖော်ကာလေယာဉ် ၆ စီး အပါအဝင် လေယာဉ်မျိုးစုံ ၃၉ စီး ထောက်ပံ့ပေးခဲ့သည်။

၁၉၈၈ ခုနှစ် မတိုင်မီ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး တိုက် ဖျက်ရေး လုပ်ငန်းစဉ်တွင် အောင်မြင်မှုများနှင့် လက်ရှိ တိုးတက်ပြောင်းလဲ လာနေသော နှစ်နိုင်ငံ ဆက်ဆံရေး အခြေအနေများကြောင့် လာမည့်နှစ် အတွင်း အမေရိကန်ပြည်ထောင်စု အစိုးရသည် မြန်မာနိုင်ငံကို မူးယစ် ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများအတွက် အကူအညီ၊ အထောက်အပံ့ များ ပိုမိုပေးအပ်လာနိုင်ပြီး ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် ဘိန်းစိုက် ဒေသများမှ ပြည်သူလူထုများ ဝင်ငွေတိုးပွားရေး လုပ်ငန်းများတွင် ပိုမိုကူညီ ထောက်ပံ့လာဖွယ် ရှိသည်ဟုလည်း သုံးသပ်နိုင်သည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုသည် ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍတွင် အကူအညီ အထောက်အပံ့များ ထိထိရောက်ရောက် ပေးအပ် သင့်သည်ဟုလည်း လေ့လာသူများက ထောက်ပြကြသည်။ ၁၉၈၈ ခုနှစ် မတိုင်မီအထိ အမေရိကန်ပြည်ထောင်စု အစိုးရသည် မြန်မာနိုင်ငံရှိ ဆေးရုံ များ

အဆင့်မြှင့်တင်ရေးနှင့် ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ရေးအတွက် ပံ့ပိုးပေးခဲ့သည်။

အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုကို ပယ်ဖျက်ရေးမှာမူ ယနေ့အချိန်အထိ အလှမ်းဝေး နေဆဲဖြစ်သည်ဟု လေ့လာသူများက သုံးသပ်ကြသည်။ ၂၀၁၂ ခုနှစ်သည် အမေရိကန်ပြည်ထောင်စု၏ ရွေးကောက်ပွဲနှစ် ဖြစ်သည့်အပြင် မြန်မာနိုင်ငံအစိုးရသည် ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများအား လွှတ်ပေးရန် ပျက်ကွက်နေပြီး တိုင်းရင်းသား လူမျိုးစုများ၊ အတိုက်အခံ အင်အားစုများ နှင့် လက်တွဲလျက် စစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအစီအစဉ်များ လက်တွေ့အကောင်အထည်ဖော်ရာတွင် နှောင့်နှေးနေသော်လည်း စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုများ ပယ်ဖျက်ရေးသည် ဆက်လက် အချိန်ယူရဖွယ်ရှိသည်ဟု လည်း လေ့လာသူများက သုံးသပ်ကြသည်။

လာမည့်နှစ် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေး ဒဏ်ခတ် ပိတ်ဆို့မှုများကို အမေရိကန်ပြည်ထောင်စု သမ္မတ ဘားရက်အိုဘားမားမှ နှစ်ပတ်လည် သက်တမ်းမတိုးမီ မြန်မာနိုင်ငံရေးတွင် သိသာမြင်သာသော တိုးတက်မှုများ ဖြစ်ပေါ်လာသည်ဆိုပါက ပိတ်ဆို့ဒဏ်ခတ် အရေးယူမှု ပြေလျော့နိုင် သို့မဟုတ် အပြီးသတ်နိုင်သည်ဟု လေ့လာသူများက သုံးသပ် ကြသည်။

၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ လွတ်လပ်မှုနှင့် ဒီမိုကရေစီ အက်ဥပဒေ ၂၀၀၃ တွင် အမေရိကန် သမ္မတ သည် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် လိုအပ်သည်ဟု သက် ဆိုင်ရာ ကွန်ဂရက် လွှတ်တော်ကော်မတီကို အတည်ပြု အသိပေးပြီးသော မြန်မာမှ ပို့ကုန်များအပေါ် ပိတ်ဆို့မှုကို ရုပ်သိမ်းနိုင်သည်ဟူသော ချွင်း ချက် ပါရှိသဖြင့် အဆိုပါခြွင်းချက်များ အသက်ဝင်မှုသည် လာမည့် ၂၀၁၂ ခုနှစ်အတွင်း နှစ်နိုင်ငံ စားပွဲဝိုင်းဆွေးနွေးပွဲများအပေါ်တွင် မူတည်နေမည် ဖြစ်သည်ဟုလည်း

သုံးသပ်ကြသည်။

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ၏ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာအကုန် ဒီဇင်ဘာလဆန်း၊ ချစ်ကြည်ရေး ခရီးစဉ် နောက်ပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် နိုင်ငံခြား အစိုးရ အကြီးအကဲများ၊ နိုင်ငံခြား ဧည့်သည်များသည် တဖွဲဖွဲရောက်လာ ခဲ့ကြသည်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်းတွင် ဂျပန်နိုင်ငံခြားရေး ဝန်ကြီး၊ ၂၀၁၂ နှစ်ဆန်းပိုင်းတွင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်ချ် တို့ အလည်အပတ် လာရောက်မည့်အပြင် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး သည်လည်း ဒုတိယအကြိမ် လာရောက်မည်ဖြစ်သည်။ ၂၀၁၂ ခုနှစ်အတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်မည်ဖြစ်ပြီး အိန္ဒိယဝန်ကြီးချုပ် မာမိုဟန်ဆင်းသည်လည်း လာရောက်လည်ပတ်ဖွယ် ရှိနေသည်ဟု ထင်မြင်ကြသည်။ ထို့ကြောင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်နောက်ပိုင်း မြန်မာနိုင်ငံသည် နိုင်ငံတကာ ဆက်ဆံရေးအခင်းအကျင်းတွင် တံခါးပွင့်သွားခဲ့ပြီဟုလည်း လေ့လာသူများက ကောက်ချက်ပြုကြသည်။

နိဂုံးချုပ်ရသော် ၂၀၁၂ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံတို့အကြား စားပွဲဝိုင်းဆွေးနွေးမှုများနှင့် ထိတွေ့ဆက်ဆံမှုများ သည် အရှိန်အဟုန်နှင့် မြင့်တက်လာဖွယ်ရှိနေပြီး နှစ်နိုင်ငံ သံအမတ်ကြီး အဆင့် ဆက်ဆံရေး ပြန်လည်ထားရှိရေးကိစ္စသည် ဦးစွာ အကောင်အထည် ဖော်ကာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပုံမှန်ပြန်ဖြစ်မှုကို ၂၀၁၂ ခုနှစ် ပထမ နှစ်ဝက်အတွင်း မြင်တွေ့ရဖွယ် ရှိနေသည်။ ထို့အပြင် ပညာရေး၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်များတွင် အမေရိကန် ပြည်ထောင်စု၏ အကူအညီ၊ အထောက်အပံ့များကိုလည်း ပိုမို ရရှိနိုင်ဖွယ် ရှိနေသည်။ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် တိုက်ဖျက်ရေး အစီအစဉ်များသည်လည်း ၂၀၁၂ ခုနှစ် ပထမ နှစ်ဝက် အတွင်း စတင်ပုံပေါ်လာဖွယ်

ရှိသည်ဟု မျှော်လင့်ကြသည်။ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများအပေါ် တားမြစ်ထားသော အမေရိကန်အစိုးရ၏ သဘောထားများ ပြောင်းလဲမှုနှင့်အတူ မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်၊ အေဒီဘီတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမို မြင်တွေ့လာရဖွယ်ရှိသည်မှာ မငြင်းနိုင်သော အမှန်တရားပင် ဖြစ်သည်။ စီးပွားရေးပိတ်ဆို့မှုများ အလုံးစုံရုပ်သိမ်းရေးနှင့် ပတ်သက်၍ လည်း ၂၀၁၂ ခုနှစ် ပထမ နှစ်ဝက်အတွင်း မြန်မာအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး မျက်နှာစာ များတွင် ဆောင်ရွက်ချက်များနှင့် နှစ်နိုင်ငံ စားပွဲဝိုင်း ဆွေးနွေးပွဲများ၏ ရလဒ်များ၊ အဆိုပါ ရလဒ်များအပေါ် မြန်မာအစိုးရ၏ တာဝန်ယူမှုများ အပေါ်တွင် တည်မှီနေဖွယ်ရှိသည်ဟု အကဲခတ်များက သုံးသပ်ကြသည်။ မည်သို့ပင်ဖြစ်စေ၊ ၂၀၁၂ ခုနှစ်သည် ခေတ်သစ် အမေရိကန်- မြန်မာ ဆက်ဆံရေးသမိုင်းတွင် အလွန်အရေးကြီးသော နှစ်တစ်နှစ် ဖြစ်လာမည်မှာ ဧကန်မုချ ဖြစ်သည်။ မြန်မာအစိုးရ၊ ပြည်တွင်း နိုင်ငံရေးအင်အားစုများ၊ ပြည်တွင်း စီးပွားရေးအင်အားစုများနှင့် ကျွမ်းကျင်သူ ပညာရှင်များသည် နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်ကောင်းမွန်ရန်နှင့် နှစ်နိုင်ငံအကြား သူနိုင် ကိုယ်နိုင် အခင်းအကျင်းတစ်ခု ပုံပေါ်လာအောင် နားလည်မှုရှိရှိ၊ ညီညီ ညွတ်ညွတ် လျှောက်လှမ်းကြရမည်မှာ ၂၀၁၂ ခုနှစ်၏ လမ်းမများပင် ဖြစ်ပါသည်။

♥♥♥